ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ပြည်နယ်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူးရုံး
ချင်းပြည်နယ်၊ ဟားခါးမြို့

စာအမှတ်၊ ပက(ချင်း) ကူးစက်( ၅၆၆၀ )၂၀၂၀
ရက်စွဲ၊ ၂၀၂၀ခုနှစ်၊ ဇွန်လ ( ၂ )ရက်

သို့

ခရိုင်/မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး
.................................မြို့

အကြောင်းအရာ။ **ပြည်နယ်အတွင်း COVID-19 ရောဂါ ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရမည့်အချက်များအား အကြောင်းကြားခြင်း။**

၁။ ချင်းပြည်နယ်အတွင်း COVID-19 ရောဂါ ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများအား အရှိန်အဟုန်မြင့် ဆောင်ရွက်ခဲ့ကြရာ ယခုအခါတွင် နိုင်ငံတွင်းကူးစက်မှုများမှာ (၁၇-၅-၂၀၂၀) ရက်နေ့မှစ၍ လျော့နည်းလာကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ ပြည်တွင်းမှဝင်ရောက်လာသူများအား Facility Quarantine နှင့် Home Quarantine များဖြင့် အသွားအလာကန့်သတ်၍ သီးခြားထားရှိရန် မလိုအပ်တော့ဘဲ မိမိတို့ မြို့နယ်အလိုက် ပုံမှန်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများဖြစ်သည့် Fever Surveilance များဆောင်ရွက်ခြင်း၊ လာရောက်သည့်လိပ်စာ၊ သွားလာခဲ့သည့် ခရီးလမ်းကြောင်း၊ တည်းခို/နေထိုင်မည့်လိပ်စာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်စသည့် အချက်အလက်များအား ပြည့်စုံမှန်ကန်စွာမှတ်တမ်းတင်ခြင်းစသည်တို့အား ပုံမှန်အတိုင်း ဆက်လက်ဆောင်ရွက်ရပါမည်။

၂။ သို့ရာတွင် ပြည်ပသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသော မြန်မာနိုင်ငံသားများသည် နယ်စပ်ဝင်ပေါက်များနှင့် ကယ်ဆယ်ရေးလေယာဉ်များဖြင့် နိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက်မှုများမှာ လက်တလောကာလတွင် များပြားလာနေသဖြင့် ပြည်ပမှဝင်ရောက်လာသူများအား သတ်မှတ် Facility Quarantine များတွင် အသွားအလာကန့်သတ်ထားရှိခြင်း၊ Nasopharyngeal Swab များ စစ်ဆေးခြင်း စသည်တို့အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်အတိုင်း လမ်းညွှန်ချက်များအတိုင်း ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၃။ အထူးဂရုပြုရမည်မှာ မိမိတို့ချင်းပြည်နယ်သည် အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်းနီးစပ်သဖြင့် ၎င်းနိုင်ငံသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသားများသည် နယ်စပ်တံတားများ၊ မြစ်ချောင်း များမှတဆင့် တရားမဝင်ဝင်ရောက်လာနိုင်ပါသည်။ ထိုသို့ ဝင်ရောက်လာသူများထံမှ ပြည်သူလူထုထံသို့ COVID-19 ရောဂါပိုး

ကူးစက်ခြင်းမရှိစေရန် အထူးကြိုတင်ကာကွယ်နိုင်ရေးအတွက် စဉ်ဆက်မပြတ်ဖော်ထုတ်ပြီး လိုအပ်သည်များ ဆက်လက်ဆောင်ရွက်ရန် အကြောင်းကြားပါသည်။

၁.၆.၂၀၂၀

(ဒေါက်တာအောင်ဌေးစံ)

ပြည်နယ်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး

မိတ္တူကို/-

- ချင်းပြည်နယ်အစိုးရအဖွဲ့၊ ဟားခါးမြို့။
- ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန၊ ချင်းပြည်နယ်အစိုးရအဖွဲ့၊ ဟားခါးမြို့။
- ဒုတိယညွှန်ကြားရေးမှူးချုပ်(ရောဂါနှိမ်နင်းရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်။
- ဒုတိယညွှန်ကြားရေးမှူးချုပ်(ကူးစက်)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်။
- ရုံးလက်ခံ/မျှောစာတွဲ။